# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၅။ အပင်များ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ဝ"ဗျည်း<br>- (ကဗျာ)ရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ဝ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ဝ"ဗျည်းကိုကူးရေးခြင်း<br>- "ဝက်ကလေးသုံးကောင်"(ပုံပြင်)ကိုဆရာကပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝက်ကလေးသုံးကောင်"ပုံပြင်ကိုဆရာကပြောခြင်း<br>- "ဂ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "ဂ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဂ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဂ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဂ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ဂ"ဗျည်းကိုကူးရေးခြင်း<br>- "ဝ၊ဂ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝ၊ဂ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဝ၊ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဝ၊ဂ"ဗျည်းကိုကူးရေးခြင်း<br>- "ဝက်ကလေးသုံးကောင်(ပုံပြင်)ကိုကလေးများပြောခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "A,B,C,D" သီချင်းကဗျာရွတ်ဆိုခြင်း<br>- "AtoJ" (Memory Game) ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "I Caught a fish"ကဗျာရွတ်ဆိုခြင်း<br>- "K"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "I Caught a fish " ကဗျာကိုအမူအရာဖြင့်ရွတ်ဆိုခြင်း<br>- "K"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "I Caught a fish "ကဗျာပါစကားလုံးများကိုဆရာဦးဆောင်မှုဖြင့်အသုံးပြု၍ပြောဆိုခြင်း<br>- "L"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "I Caught a fish "ကဗျာကိုအုပ်စုဖွဲ့ရွတ်ဆိုခြင်း<br>- "H,I,J,K,L" အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅- ၁၁း၄၅ | - ကလေးများသိသောအပင်များကိုပြောခြင်း (စာရိတ္တ၊ မိတ္တ) | - အပင်အစိတ်အပိုင်းများကိုဆွေးနွေးခြင်း<br>- မိမိတို့ယူလာသည့်(အရွက်၊ အသီး၊အပွင့်)များအကြောင်းပြောခြင်း<br>- (စာရိတ္တ၊ မိတ္တ) | - အရွက်များနှိုင်းယှဉ်ခြင်း (ပတ်ဝန်းကျင်လောက) | - အပင်များတူညီမှု၊မတူညီမှုကိုဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) | - အပင်နှင့်အသီးယှဉ်တွဲကပ်ခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁း၄၅- ၁၂း၁၅ | - ရုပ်ပုံပြ၍အပင်ကြီး၊အပင်ငယ်ခွဲခြားခြင်း (စာရိတ္တ၊ မိတ္တ) | - ပြင်ညီပုံများကိုအရွယ်အစားနှိုင်းယှဉ်ခြင်း<br>- (သင်္ချာ) | - ထုပုံများကိုအရွယ်အစားနှိုင်းယှဉ်ခြင်း (သင်္ချာ) | - အဝိုင်းပုံ၊သုံးထောင့်ပုံ၊လေးထောင့်ပုံများရေးဆွဲခြင်း (သင်္ချာ) | - အပင်နှင့်အသီးယှဉ်တွဲ၍ကစားခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၃း၃၀- ၁၄း၀၀ | - “လေငြိမ်ငြိမ်” ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာပုံဆွဲခြင်း (အနုပညာရသ) | - “လေငြိမ်ငြိမ်” ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာအပင်ပုံဆွဲ၍ဆေးခြယ်ခြင်း<br>- (အနုပညာရသ) | - “လေငြိမ်ငြိမ်” ကဗျာကိုရွတ်ဆိုခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၅။ အပင်များ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ပ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ပ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "ပ"ဗျည်း အက္ခရာ စာလုံး ဆက်စပ်ခြင်း<br>- "ပ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ပ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ပ"ဗျည်းကို ကူးရေးခြင်း<br>- "ဆာလောင်နေသော ဘီလူးကြီး" (ပုံပြင်)ရှိရုပ်ပုံ များကိုကြည့်၍ ထင်မြင်ချက်ကို ပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "င"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "င"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "င"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "င"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ပ၊င"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "င"ဗျည်းကို ကူးရေးခြင်း<br>- "ဆာလောင် နေသော ဘီလူးကြီး" (ပုံပြင်)ကို ဆရာက ပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "ပ၊င"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "င"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဝ၊ဂ၊ပ၊င" ဗျည်းစာလုံး များမှဆရာ ခေါ်ပေးသော စာလုံးများကို ဝိုင်းစေခြင်း<br>- "ပ၊င"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ အင်္ဂလိပ် | - "Sunday Monday" ကဗျာ ရွတ်ဆိုခြင်း<br>- "M"အက္ခရာ ရွတ်ဆိုခြင်း | - "Sunday Monday" ကဗျာကို ဟန် အမူအရာဖြင့် ရွတ်ဆိုခြင်း<br>- "M"အက္ခရာ ရွတ်ဆိုခြင်း | - "Sunday Monday" ကဗျာကို ဟန်အမူအရာ ဖြင့်ရွတ်ဆိုခြင်း<br>- "N"အက္ခရာ ရွတ်ဆိုခြင်း | - "Sunday Monday" ကဗျာကို ဟန်အမူအရာ ဖြင့်ရွတ်ဆိုခြင်း<br>- "N"အက္ခရာကို ရွတ်ဆိုခြင်း | - "Sunday Monday" ကဗျာကို ဟန်အမူအရာ ဖြင့်ရွတ်ဆိုခြင်း<br>- "A to N" ငါးများ ကစားနည်း ကစားခြင်း |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-၁၁း၄၅ | - အစေ့မှအပင်ပေါက်လာပုံကို လေ့လာခြင်း (ပတ်ဝန်းကျင်လောက) | - သစ်ပင်လှုပ်ရှားဟန် သရုပ်ဆောင်ကစားခြင်း (ပတ်ဝန်းကျင်လောက) | - စိတ်ကြိုက်ပုံများဆွဲသားခြင်း (သင်္ချာ) | - အပင်များနှင့်ပတ်သက်၍ လုပ်သင့် မလုပ်သင့်သည့် အပြုအမူများ ပြန်လည်ဆွေးနွေးခြင်း<br>- "လှလှပပထားကြမယ်"ကဗျာ ရွတ်ဆိုခြင်း (စာရိတ္တ၊ မိတ္တ) | - အပင်များ အကြောင်း ပြန်လည်ဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁း၄၅-၁၂း၁၅ | - အစေ့မှအပင်ပေါက်လာပုံကို ကတ်ပြားစီခြင်း (ပတ်ဝန်းကျင်လောက) | - အစေ့မှအပင်ပေါက်လာပုံကို လက်တွေ့စမ်းသပ်ခြင်း (ပတ်ဝန်းကျင်လောက) | - အပင်များနှင့်ပတ်သက်၍ လုပ်သင့်၊ မလုပ်သင့်သည့် အပြုအမူများကို ဆွေးနွေးခြင်း<br>- လက်မထောင် ကစားခြင်း (ပတ်ဝန်းကျင်လောက) | - ပြင်ညီပုံများဖြင့် နှစ်သက်ရာပုံ ဖော်ခြင်း (သင်္ချာ) | - ခေါက်ချိုးညီ/မညီ လက်တွေ့ လုပ်ဆောင်ခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - ပုံဆွဲခြင်း (အနုပညာရသ) | - "လှလှပပထားကြမယ်" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - အပင်ပုံဆွဲခြင်း (အနုပညာရသ) | - "လှလှပပထားကြမယ်" ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ဥယျာဉ်ပုံဖော် ကပ်ခြင်း (အနုပညာရသ) |

DBEBOX

## အပင်များ

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ “ဝ”ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ဝ”ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“ဝ”ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**“ဝ”ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ကလေးများအား “ဝ”ဗျည်းကဗျာကိုပြန်လည်ရွတ်ဆိုပါစေ။
- ဆရာက ကဗျာပါ“ဝ”ကိုထောက်ပြ၍အမည်မှာ“ဝလုံး”ဖြစ်ကြောင်းပြောပါ။
- ဆရာက “ဝ”ဗျည်းကို သင်ပုန်းပေါ်တွင် ရေးပြီးထောက်ပြ၍ “ဝလုံး”ဖြစ်ကြောင်း ထပ်မံရှင်းပြပါ။
- “ဝ”ဗျည်း၏ အသံသည် “ဝ”ဖြစ်သည်။
- ဆရာက “ဝ”အသံကို နမူနာရွတ်ဆိုပြပြီး ကလေးများအားလိုက်၍ ရွတ်ဆိုပါစေ။
“ဝ”ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ဆရာက စားစရာအမည်အချို့ကိုသင်ပုန်းပေါ်တွင်ရေးပြပြီး စာလုံးများကို လက်ထောက်၍ ပီပီသသဖတ်ပြပါ။
(ဥပမာ- ကန်စွန်းဉ၊ ပိန်းဉ၊ ဝဉ)
- ဆရာဖတ်ပြသောစားစရာများထဲမှ “ဝ”ဗျည်းနှင့်စသော စားစရာအမည်ကို ကလေးများအားရွေးပါစေ။
- ဆရာကနာမည်အချို့ကိုသင်ပုန်းပေါ်တွင်ရေးပြပြီးစာလုံးများကိုလက်ထောက်၍ဖတ်ပြပါ။
(ဥပမာ-ညိုတုတ်၊ ဝတုတ်၊ ဖြူတုတ်)
- ကလေးများအား “ဝ”ဗျည်းနှင့်စသောအမည်များကိုရွေးပါစေ။
- ဆရာက “ဝ”အက္ခရာပါသောအပင်အမည်များကိုသင်ပုန်းပေါ်တွင်ရေးပြပြီးစာလုံးများကိုလက်ထောက်၍ဖတ်ပြပါ။
(ဥပမာ- ဝါးပင်၊ ညောင်ပင်၊ ဝါဂွမ်းပင်)
- ကလေးများအား“ဝ”အသံပါသောအပင်အမည်များကိုရွေးပါစေ။
- ဆရာက အတန်းတွင်းရှိ“ဝ”အက္ခရာပါသော ကလေးအမည်အချို့ကို သင်ပုန်းပေါ်တွင်ရေးပြပြီးလက်ထောက်၍ ဖတ်ပြပါ။
(ဥပမာ- ဝေဖြိုး၊ မောင်မောင်၊ ဝါဝါ၊ ဝင်းသူ . . . . စသည်ဖြင့်)
- ကလေးများအား “ဝ”ဗျည်းနှင့်စသောအမည်များကိုရွေးပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်းကိုကူးရေးခြင်း (မိနစ် ၂၀)**

- ဆရာက ကလေးများအား ကျောပေး၍ရပ်ပါ။
- အတန်းအားခေါင်းငုံ့ကြည့်လျက်ညာလက်ကိုမြှောက်ပြီးလေထဲတွင် လက်ညှိုးဖြင့်အောက်ခြေမှ လက်ယာရစ်ဆွဲရန်ညွှန်ကြားကာ "ဝလုံး"ရေးဆွဲပြပြီး နှုတ်မှလည်း "ဝ"ဟုရွတ်ဆိုပြပါ။
- ကလေးများအားလိုက်၍လုပ်ပါစေ။
- ဤနည်းအတိုင်းဆရာနှင့်ကလေးများထပ်ခါထပ်ခါပြုလုပ်ပါ။
- ဆရာက ကလေးများအားနှစ်ယောက်တစ်တွဲတွဲပေးပါ။ (ကလေးဦးရေသည် "မ"ကိန်းဖြစ်လျှင် ကျန်ကလေးနှင့်ဆရာတွဲပါ။
- ဆရာက ကလေးများအား သူငယ်ချင်း၏ကျောပေါ်တွင် "ဝလုံး"ရေးကြရအောင်ပြောပြီး ကလေးများမိမိအတွဲအလိုက် ကျောပေါ်တွင်အပြန်အလှန် ရေးကြပါစေ။ နှုတ်မှလည်း ရွတ်ဆိုပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် "ဝ"ဗျည်းကိုရေးပြပါ။
- ကလေးများက ကြည့်၍ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C,D **သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းသင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ အက္ခရာအမည်များ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A to J''(Memory Game)**ကစားခြင်း (၁၅ မိနစ်)**

- "A to J''အက္ခရာစာလုံးများကို ကတ်ပြားအခု(၂၀)ပေါ်တွင် (အက္ခရာစာလုံးတစ်လုံးလျှင် ကတ်ပြား(၂)ခုကျစီ) ရေးပါ။
- အက္ခရာကတ်ပြားများကို စာလုံးအစဉ်လိုက်မဟုတ်ဘဲ (၅)ခုစီ (၄)တန်းစီ၍မှောက်ထားပါ။တစ်ခါကစားလျှင် ကလေး(၅)ဦးကစားနိုင်ပါသည်။
- ကလေးများကို ၁ မှ ၅ အထိ အမှတ်စဉ်သတ်မှတ်ပါ။
- နံပါတ်(၁)ရသောကလေးမှ အက္ခရာကတ်ပြား(၂)ခုကို စတင်လှန်ရပါမည်။ အကယ်၍ကတ်ပြား(၂)ခုတူညီနေပါက ထိုကတ်ပြား(၂)ခုကိုယူထားပြီး နောက်တစ်ကြိမ်ဆက်၍လှန်ခွင့်ရှိပါသည်။
- ကတ်ပြား(၂)ခုမတူညီပါက မူလနေရာတွင်ပြန်ထားပြီး နံပါတ်(၂)ကလေးမှ ဆက်၍ကစားပါစေ။
- ထိုနည်းအတိုင်း နံပါတ်စဉ်အလိုက် ကလေးများ ဆက်၍ ကစားပါစေ။
- ကစားပွဲပြီးသောအခါ မိမိရရှိထားသော ကတ်ပြားများကို ရေတွက်၍ အများဆုံးအနည်းဆုံး သတ်မှတ်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပတ်ဝန်းကျင်ရှိအပင်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ကလေးများသိသောအပင်များကိုပြောဖြင်း (မိနစ် ၃၀)**

- ကလေးတို့ အိမ်မှကျောင်းသို့လာတဲ့လမ်းမှာ ဘယ်လိုအပင်တွေ တွေ့ခဲ့သလဲဟု ဆရာက မေးပါ။
- ဆရာနှင့်ကလေးများ ကျောင်းပတ်ဝန်းကျင်ရှိ အပင်ငယ်များကို လေ့လာပါ။
- လေ့လာပြီးနောက် အပင်ကြီး၊အပင်ငယ်စသည်ဖြင့် ဆရာက ခွဲခြားပြပါ။
- အတန်းထဲရောက်သောအခါ ဆရာက မိမိဒေသရှိ အပင်အမည်များကိုပြော၍ ကလေးများအား အပင်ကြီးအပင်ငယ် ခွဲခြားပါစေ။
(ဥပမာ-သရက်ပင်ဟုပြောလျှင်ကလေးများကအပင်ကြီး၊ အပင်ငယ်ခွဲခြား၍ပြောပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **ရုပ်ပုံများပြ၍အပင်ကြီးအပင်ငယ်ခွဲခြားခြင်း (မိနစ် ၃၀)**

- ဆရာကအပင်ကြီး ၃ ပုံ ၊ အပင်ငယ် ၃ ပုံ (ရုပ်ပုံ (သို့)ဓာတ်ပုံ) စုဆောင်းထားပါ။
(အသီးရှိသော အပင်ကို ဦးစားပေးစုဆောင်းပါ)
- အပင်ပုံကိုပြ၍ ကလေးများအား ဘာပင်လဲဟု မေးပါ။
- အသီးပါသော အပင်ဖြစ်လျှင် အသီးကိုအရင်မေး၍ ဆက်လက်ပြီးအပင်ကို မေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လေငြိမ်ငြိမ်ကဗျာ"ရွတ်ဆိုတတ်ရန်

လုပ်ငန်းစဉ်။ ။ **လေငြိမ်ငြိမ်ကဗျာရွတ်ဆိုခြင်း(မိနစ် ၃၀)**

- "လေငြိမ်ငြိမ်ကဗျာ"ကို ဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးရွတ်ဆိုပါစေ။

**"လေငြိမ်ငြိမ်"**

လေငြိမ်ငြိမ်၊သစ်ပင်ကြီးကငြိမ်
လေပြင်းတိုက်တော့ဘာဖြစ်တယ်၊
(ဟောဒီလိုဖြစ်တယ်)၂
အရှေ့ကတိုက်ပြန်တော့
အနောက်ကို (ယိမ်းတယ်)၂
အနောက်ကတိုက်ပြန်တော့
အရှေ့ကို (ယိမ်းတယ်) ၂
လေငြိမ်ငြိမ်၊ သစ်ပင်ကြီးက (ငြိမ်)၇။

မှတ်ချက်။ ။နောက်နေ့တွင် ကလေးများအား မိမိပတ်ဝန်းကျင်ရှိအရွက်၊ အသီး၊ အပွင့်များကို ယူလာပါစေ။

DBEBox

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။**"ဝ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးခဲ့သော "ဝ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်းနည်းအတိုင်း ရွတ်ဆိုပါစေ။

**"ဝ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ပြီးခဲ့သော"ဝ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။**"ဝ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးခဲ့သော"ဝ"ဗျည်းအက္ခရာရေးဆွဲခြင်းနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝက်ကလေးသုံးကောင်"ပုံပြင်ကိုဆရာက ပြောခြင်း (မိနစ် ၂၀)**

- ယခင်ပုံပြင်ပြောနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"I Caught a Fish"ကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

I Caught a fish
1, 2, 3, 4, 5
Once I caught a fish alive.
Why did you let it go?
Because it bit my finger so.

**အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။**

အသေးစိတ်သင်ယူမှုရလဒ်။ "K''အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"K''အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အပင်၏အစိတ်အပိုင်းများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အပင်အစိတ်အပိုင်းများကိုဆွေးနွေးခြင်း (မိနစ် ၂၀)**

- ကျောင်းဝင်း(သို့)ကျောင်းပတ်ဝန်းကျင်ရှိ အသီးအပွင့်များပါသောအပင်ကိုပြ၍ လေ့လာပါစေ။
- ကလေးများပြောသမျှမှတ်တမ်းတင်ပါ။ (အရွက်၊အသီး၊ အပွင့်) အဖြေများ ရသည်အထိ မေးပါ။

**မိမိတို့ယူလာသည့် (အရွက်၊အသီး၊အပွင့်)များအကြောင်း ပြောစေခြင်း (၁၀ မိနစ်)**

- တနင်္လာနေ့တွင်မှာထားသော (အရွက်၊ အသီး၊ အပွင့်)များကို အတန်းသို့ပြ၍ မိမိတို့ဘာယူလာသည်ကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပြင်ညီပုံများကိုအရွယ်အစားနှိုင်းယှဉ်တတ်ရန်

လုပ်ငန်းစဉ်။ ။**ပြင်ညီပုံများကိုအရွယ်အစားနှိုင်းယှဉ်ခြင်း (မိနစ် ၃၀)**

- ဆရာကစက္ကူရောင်စုံဖြင့် အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံများကို အရွယ်အစား မတူအောင်ကြိုတင်ဖြတ်ထားပါ။
- ထိုအပိုင်းအစများဖြင့်ကလေးများအား သစ်ပင်ပုံဖော်ပါစေ။
- ကလေးများဖော်ထားသောသစ်ပင်ပုံများကို အကြီးအသေးနှိုင်းယှဉ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။(အရွက်၊အသီး ၊ အပွင့် ) နှစ်သက်ရာပုံများ ဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာပုံဆွဲခြင်း (မိနစ် ၃၀)**

- မိမိနှစ်သက်ရာအရွက်(သို့) အသီး (သို့)အပွင့်ပုံကို ဆွဲပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝက်ကလေးသုံးကောင်"ပုံပြင်ကိုဆရာက ပြောခြင်း (မိနစ် ၂၀)**

- ယခင်ပုံပြင်ပြောနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဂ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဂ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးခဲ့သည့်ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဂ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးခဲ့သောဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်းနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဂ"ဗျည်း၏အမည်သည် "ဂငယ်"ဖြစ်သည်။

**"ဂ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ပြီးခဲ့သော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။ (ဂမုန်းပင်၊ ဂဏန်း)

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "I Caugh a Fish"**ကဗျာကို အမူအရာဖြင့် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "K'' အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "K''**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။(အရွက်၊အသီး၊အပွင့်)တစ်ခုနှင့်တစ်ခုတူညီမှုနှင့် မတူညီမှုများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အရွက်များကို နှိုင်းယှဉ်ခြင်း (မိနစ် ၃၀)**

- ဆရာကအမျိုးအစားမတူ၊ ပုံသဏ္ဌာန်မတူသောသစ်ရွက်များကို ကြိုတင်ရှာဖွေထားပါ။ (အပွင့်၊ သို့မဟုတ် အသီးများဖြင့်လည်း အသုံးပြုနိုင်သည်။)
- ဆရာက အရွက်များအချင်းချင်း တူ/မတူနှိုင်းယှဉ်ပြပါ။ (အရောင်၊ အရွယ်အစား၊ ပုံသဏ္ဌာန်)
- ကလေးများအား အုပ်စုခွဲပါ။
- အုပ်စုတစ်စုစီအား အမျိုးအစားတူ/မတူသောသစ်ရွက်များ ဝေပေးပါ။
- အုပ်စုလိုက်ရရှိထားသော သစ်ရွက်များမှအမျိုးအစားတူသော သစ်ရွက်များကို ရွေးပါစေ။
- ကျန်သစ်ရွက်များကို နှိုင်းယှဉ်ကြည့်စေပြီး မတူညီသည့်အချက်များကို အတန်းသို့ အုပ်စုတစ်စုချင်း အလှည့်ကျပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ထုပုံများ (ဘူးဝိုင်းပုံ၊လေးထောင့်ဘူးပုံ၊ဘောလုံးလိုအလုံးပုံ)ကို အရွယ်အစားနှိုင်းယှဉ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ထုပုံများကိုအရွယ်အစားနှိုင်းယှဉ်ခြင်း (မိနစ် ၃၀)**

- ဆရာက ဘူးဝိုင်းပုံပစ္စည်းတစ်ခုကို ပြကာကလေးများအား စာသင်ခန်းနှင့်ပတ်ဝန်းကျင်တွင် ဘူးဝိုင်းပုံပစ္စည်းများကို ရှာဖွေပါစေ။
- ကလေးများ ရှာဖွေလာသောပစ္စည်းများကို နှိုင်းယှဉ်ပါစေ။
- ကျန်ပုံများကိုလည်း အထက်ပါအတိုင်း ဆက်လက်လုပ်ဆောင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လေငြိမ်ငြိမ်"ကဗျာကိုရွတ်ဆိုတတ်ရန်

လုပ်ငန်းစဉ်။ ။**"လေငြိမ်ငြိမ်" ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "လေငြိမ်ငြိမ်" ကဗျာကိုဆရာက ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးကို ရွတ်ဆိုပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဂ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဂ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးခဲ့သည့်ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဂ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးခဲ့သော ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်းနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဂ"ဗျည်း၏အမည်သည် "ဂငယ်"ဖြစ်သည်။ -

**"ဂ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ပြီးခဲ့သော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။ (ဂမုန်းပင်၊ ဂဏန်း)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဂ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဂ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးခဲ့သော ဗျည်းအက္ခရာရေးဆွဲခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာများကိုပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ၊ဂ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ဆရာက သင်ပုန်းပေါ်တွင် "ဂ"ဗျည်းကတ်ပြားကိုချိတ်ပါ။
- ကလေးများနှင့်အတူ"ဂငယ်"ဟုအသံထွက်၍ရွတ်ဆိုပါ။
- ဆရာက "ဂ"ဗျည်းကိုညွှန်ပြပြီး "ဂငယ်"သည်မျဉ်းကွေးပုံစံဖြစ်ကြောင်း ရှင်းပြပါ။
- ကလေး(၉)ယောက်၊ သို့မဟုတ် (၁၀)ယောက်အား ရွေးချယ်ကာ "ဂငယ်" ပုံသဏ္ဍာန် ရပ်စေပြီး လက်ခုပ်တီး၍ "ဂငယ်" ဟုရွတ်ဆိုပါစေ။
- ကျန်ကလေးများအား အစားထိုး၍အလှည့်ကျလုပ်ဆောင်ပါ။
- ဤနည်းအတိုင်း"ဝ"ဗျည်းကိုပုံဖော်ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"I Caught a Fish"ကဗျာပါစကားလုံးများကိုဆရာဦးဆောင်မှုဖြင့်အသုံးပြု၍ပြောဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီး သင်ပြနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"L'' အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"L''အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အပင်တစ်ပင်နှင့်တစ်ပင်တူညီမှုနှင့်မတူညီမှုများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အပင်များတူညီမှုနှင့်မတူညီမှုကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- တနင်္လာနေ့လုပ်ငန်းစဉ်(၂)တွင် အသုံးပြုခဲ့သော အပင်ကြီး အပင်ငယ်ပုံများကို ပြန်လည် သုံး၍ အောက်ပါမေးခွန်းများကိုမေးပါ။
- အပင်နှစ်ပင်ပုံကိုပြ၍
- ဒီအပင်နှစ်ပင်တူသလား
- မတူဘူးလား
- ဘာတွေတူသလဲ
- ဘာတွေမတူသလဲစသည်ဖြင့်နှိုင်းယှဉ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံများကို ကိုယ်တိုင်ရေးဆွဲ တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အဝိုင်းပုံ၊သုံးထောင့်ပုံ၊လေးထောင့်ပုံများကိုကိုယ်တိုင်ရေးဆွဲခြင်း(မိနစ် ၃၀)**

- ဆရာက သင်ပုန်းပေါ်တွင်အဝိုင်းပုံကိုဆွဲပြပါ။
- ကလေးများအား ကိုယ်တိုင်ရေးဆွဲပါစေ။
- အထက်ပါအတိုင်းကျန်ပုံများကိုကိုယ်တိုင်ရေးဆွဲပါစေ။
- (သစ်သားဘလောက်တုံးများကိုလည်း အသုံးပြုနိုင်သည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။အပင်ပုံဆွဲ၍ဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **နှစ်သက်ရာအပင်ပုံဆွဲ၍ဆေးခြယ်ခြင်း (မိနစ် ၃၀)**

- မိမိနှစ်သက်ရာအပင်ပုံဆွဲ၍ဆေးခြယ်ပါစေ။

(မှတ်ချက်။ ။ဆရာက တနင်္လာနေ့လုပ်ငန်းစဉ်အတွက် ပဲကြီးစေ့ကို ကြိုတင်၍ အပင် ပေါက်အောင်ပြုလုပ်ထားပါ။)



DBE BOX

သောကြာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဝ၊ဂ"ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ၊ဂ"ဗျည်းကဗျာများရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးခဲ့သည့်ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ၊ဂ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ၊ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးခဲ့သော ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း နည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဝ"ဗျည်း၏အမည်သည်"ဝလုံး"ဖြစ်သည်။
- "ဂ"ဗျည်း၏အမည်သည်"ဂငယ်"ဖြစ်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ၊ဂ"ဗျည်းအက္ခရာများကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ၊ဂ"ဗျည်းများကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးခဲ့သောဗျည်းအက္ခရာရေးဆွဲခြင်းနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမူအရာဖြင့်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဝက်ကလေးသုံးကောင်"ပုံပြင်ကိုကလေးများက ပြောခြင်း (၁၅ မိနစ်)**

- "ဝက်ကလေးသုံးကောင်"ပုံပြင်ကို ကလေးများ မှတ်မိသလောက်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို မှန်ကန်စွာ ရွတ်ဆိုရန်။

လုပ်ငန်းစဉ်။ ။**"I Caught a Fish"ကဗျာကို အုပ်စုဖွဲ့ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- "I Caught a Fish"ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ကလေးများကို အုပ်စု(၂)စုဖွဲ့ပါ။
- "I Caught a Fish"ကဗျာကို အုပ်စု(၂)စု အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"H, I,J,K,L"အင်္ဂလိပ်အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"H, I,J,K,L"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- တို့ရပ်ရွာ သင်ခန်းစာပါ E မှ J အထိ အင်္ဂလိပ်အက္ခရာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အပင်နှင့်အသီးတွဲ၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **အပင်နှင့်အသီးယှဉ်တွဲ၍ကပ်ခြင်း(မိနစ် ၃၀)**

- ဆရာကမိမိဒေသရှိအပင်နှင့်အသီးပုံများကိုကြိုတင်ရှာဖွေထားပါ။ (မရှိပါကပုံဆွဲထားရန်)
- စားပွဲပေါ်တွင် အပင်ပုံများကို တစ်ပုံ၊အသီးပုံများကို တစ်ပုံခွဲခြားထားပါ။
- ကလေးများအားသင့်လျော်သလိုအုပ်စုဖွဲ့ပါ။
- တစ်အုပ်စုလျှင်အပင် (သို့) အသီးတစ်မျိုးပေးပါ။
- အပင်ရပါကအသီးကို အုပ်စုလိုက်ရှာဖွေ၍ သတ်မှတ်ထားသောနေရာ (ကျောက်သင်ပုန်း/ နံရံ)တွင် ယှဉ်တွဲကပ်ပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **အပင်နှင့် အသီးယှဉ်တွဲ၍ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား အုပ်စု (၂) ခုဖွဲ့၍ ပထမအုပ်စုကို အပင်ပုံများကပ်ပေး၍ ဒုတိယအုပ်စုကို အသီးပုံများ ကပ်ပေးပါ။



DBEBox

- မိမိရထားသော အပင်၊ သို့မဟုတ် အသီး၏ အမည်ကိုစဉ်းစားထားရန် ပြောပါ။
- ဆရာက ကလေးများအား လိုက်ကြည့်၍ မိမိရထားသော ပုံအမည်ကိုမေးပါ။
ကလေးများ မသိပါက ဆရာက ပြောပြပါ။
- ဆရာက အပင်တစ်မျိုး၏အမည်ကိုခေါ်ပါ။
- ထိုအပင်ပုံရထားသော ကလေးသည် သက်ဆိုင်ရာအသီးကိုရှာ၍ အတန်းရှေ့သို့ ထွက်လာပါစေ။
- ကျန်ကလေးများအားထိုအပင်၏ အမည်နှင့် အသီးကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လေငြိမ်ငြိမ်"ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လေငြိမ်ငြိမ်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "လေငြိမ်ငြိမ်"ကဗျာကိုအသံနေအသံထားဟန်အမူအရာဖြင့်ရွတ်ဆိုပါစေ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ပ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ပ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ပ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ။
- "ပ"ဗျည်း၏အမည်သည် "ပစောက်"ဖြစ်သည်။

**"ပ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသည့်ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။(ပခုံး၊ ပဝါ)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ပ"ဗျည်းကိုကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းကူးရေးနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **Sunday Monday ကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

**Sunday Monday**

(Sunday, Monday, Tuesday, Wednesday
Thursday, Friday, Saturday)[2]

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ "M''အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"M''အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။အစေ့မှအပင်ပေါက်လာပုံကိုပြောပြတတ်ရန်။**

လုပ်ငန်းစဉ်(၁) ။ ။ **အစေ့မှအပင်ပေါက်လာပုံကိုလေ့လာခြင်း(မိနစ် ၃၀)**

- ဆရာကကြာသပတေးနေ့တွင်စိုက်ထားသောပဲကြီးစေ့အပင်ပေါက်ကိုမစိုက်ရသေးသော အစေ့နှင့်ယှဉ်တွဲ၍အစေ့မှ အပင်ပေါက်လာကြောင်းရှင်းပြပြီး ကလေးများအား လေ့လာပါစေ။
- အစေ့မှအပင်ပေါက်လာပုံကိုကလေးများနားလည်သလို ပြန်ပြောပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **အစေ့မှအပင်ပေါက်လာပုံကိုကတ်ပြားများစီခြင်း (မိနစ် ၃၀)**

- ဆရာကအပင်စိုက်ပျိုးပုံ အဆင့်(၃)ဆင့်ပါသော ကတ်ပြား(၃)ခုကို ကြိုတင် ဆွဲထားပါ။
- ကလေး(၃)ယောက်စီအုပ်စုများ ဖွဲ့ပါ။
- ကလေးများအားအပင်စိုက်ပျိုးပုံကတ်ပြားများ (အစေ့မှအညှောက်ထွက်လာပုံ၊ အရွက်ငယ်လေးထွက်လာပုံ၊ အရွက်ကြီးထွက်လာပုံ)ကတ်ပြားများ ပေးပါ။
- ကလေး(၃)ယောက်စီအုပ်စုက မိမိတို့ရထားသောပုံကို အစဉ်လိုက်စီချ၍ အတန်းရှေ့တွင် ပြပါစေ။
- ကျန်ကလေးများအား ဆက်လက်ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အစေ့မှ အပင်ပေါက်လာပုံကို ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပုံဆွဲခြင်း (မိနစ် ၃၀)**

- အစေ့မှ အပင်ပေါက်လာပုံကို ကလေးများဆွဲတတ်သလိုဆွဲပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ပ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ပ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ"ဗျည်းအက္ခရာကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ပ"ဗျည်းကိုကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းကူးရေးနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရုပ်ပုံကိုကြည့်၍ထင်မြင်ချက်ကိုပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဆာလောင်နေသောဘီလူးကြီး"(ပုံပြင်)ရှိရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်ကိုပြောစေခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးခဲ့သည့်ပုံပြောနည်းအတိုင်းဆောင်ရွက်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ Sunday Monday **ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"M"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "M"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အစေ့မှအပင်ပေါက်လာပုံကိုပြောပြတတ်ရန်

လုပ်ငန်းစဉ်(၁) ။ ။ **သစ်ပင်လှုပ်ရှားဟန်သရုပ်ဆောင်ကစားခြင်း(မိနစ် ၃၀)**

- သစ်ပင်လှုပ်ရှားဟန်ကစားနည်းကစားပါစေ။
- သစ်ပင်(၄)ပင်အဖြစ်သရုပ်ဆောင်ရန်
  ကလေး(၄)ယောက်ကိုရွေးပါ။
- အောက်ပါကဗျာကိုရွတ်ဆိုရင်းကလေးတစ်ဦးချင်းစီကိုလက်ညှိုးညွှန်ပြပါ။
- သစ်စေ့လေးစေ့စိုက်လိုက်တာ။
- အပင်လေးပင်ပေါက်လို့လာ(ကလေး(၄)ဦးထိုင်ရာမှတဖြည်းဖြည်းထပါ။)
- လေးပင်စလုံးသန်သန်မာမာ၊ရွက်စိမ်းလေးတွေလန်းလို့ဖြာ
  (လက်ကလေးတွေကားပြီးလှုပ်ပါစေ။)
- စိမ်းလန်းဖြာတဲ့အပင်များ ကောင်းကင်ထက်ကိုတိုးလို့သွား (ခြေဖျားထောက်ပြီးလက်ကို
  မိုးပေါ်မြှောက်ပါ)
- လေညှင်းလာတဲ့ချိန်အခါသစ်ပင်လေးတွေယိမ်းနွဲ့ကာ (ဟိုယိုင် ဒီယိုင် ယိုင်ပါစေ)
- ဂမ်းသာအားရနှုတ်ဆက်တော့တို့တတွေပျော်တယ်ပေါ့
  (ကလေးများ ခေါင်းပေါ်ကျော်ပြီးလက်ချင်းထိ)
  ကျန်တဲ့ကလေးများကိုဆက်လက်၍ကစားပါစေ။
  ပျော်ရွှင်ဖွယ်ကစားနည်းများ
  (ကစားနည်း ၁၀၀စာအုပ်)
  (ဒေါက်တာသိန်းလွင်၊ပညာရေးစိတ်ပညာ)

လုပ်ငန်းစဉ်(၂) ။ ။**အစေ့မှအပင်ပေါက်လာပုံကိုလက်တွေ့စမ်းသပ်ခြင်း(မိနစ် ၃၀)**

- အစေ့မှအပင်ပေါက်လာပုံကိုကလေးများနားလည်သလိုပြန်ပြောပါစေ။
- ကလေးများအားအုပ်စု(၅)ခုဖွဲ့ပါ။
- တစ်ဖွဲ့လျှင်ပဲကြီးစေ့ (၃)စေ့စီပေး၍စိုက်ပါစေ။
- မိမိတို့အဖွဲ့စိုက်ထားသောပဲကြီးစေ့များကိုနေ့စဉ်ရေလောင်း၍အပင်ပေါက်လာ
  သည်အထိကလေးများအားဆက်လက်စောင့်ကြည့်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လှလှပပထားကြမယ်"ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**"လှလှပပထားကြမယ်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- လှလှပပထားကြမယ်ကဗျာကို ရွတ်ဆိုပါစေ။
- ကလေးများနှင့်ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးကို ရွတ်ဆိုပါစေ။



DBE BOX

"လှလှပပထားကြမယ်"
အပင်ကလေးများလှပတယ်
ပန်းကလေးများပွင့်ကြတယ်
လှလှပပထားကြမယ်။
မချိုးနဲ့မဖဲ့နဲ့ဂရုစိုက်ကွယ်၊
ရေကိုမှန်မှန်လောင်းစို့ကွယ်၊
ပန်းပွင့်များများပွင့်ဖို့ရယ်။
( ABCDကဗျာသံစဉ်)

ဗုဒ္ဓဟူးနေ့
အသေးစိတ်သင်ယူမှုရလဒ်။ ။ "c"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"c"ဗျည်း၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း**(မိနစ် ၂၀)

- ယခင်သင်ကြားပြီးသည့်ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ။
- "c"ဗျည်း၏အမည်သည် "c"ဖြစ်သည်။

**"c"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသည့်ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။(cရုတ်သီး၊cချိပ်ပေါင်း)

အသေးစိတ်သင်ယူမှုရလဒ်။ ။"c"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်းကိုကူးရေးခြင်း** (မိနစ် ၃၀)

- ယခင်သင်ကြားပြီးသည့်ဗျည်းကူးရေးနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။Sunday Monday **ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုခြင်း** (၁၅ မိနစ်)

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "N"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"N"**အက္ခရာကို ရွတ်ဆိုခြင်း** (၁၅ မိနစ်)

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဂျီဩမေတြီဆိုင်ရာပုံများကိုအသုံးပြု၍ကိုယ်တိုင်ဖန်တီးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**စိတ်ကြိုက်ပုံများဆွဲသားခြင်း(မိနစ် ၃၀)**



DBE BOX

- အဝိုင်းပုံ ၊ သုံးထောင့်ပုံ ၊ လေးထောင့်ပုံများ အသုံးပြု၍စိတ်ကြိုက်ပုံများ ဖန်တီးဆွဲသားပါစေ။



အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိသစ်ပင်များကိုတန်ဖိုးထားတတ်ရန်။

လုပ်ငန်းစဉ်။ **။အပင်နှင့်ပတ်သက်၍ လုပ်သင့်မလုပ်သင့်သည့်အပြုအမူများကိုဆွေးနွေးခြင်း (၁၅ မိနစ်)**

- ကလေးများအားအောက်ပါမေးခွန်းများမေး၍ဆွေးနွေးပါ။
- အပင်ကလူတွေအတွက်ဘာတွေပေးသလဲ။(အရိပ်ရ ၊အသီးစား၊ အရွက်စား စသည်ဖြင့် )
- ကလေးများပြောသမျှနားထောင်၍ ဆရာကအပင်သည် အရိပ်ရ၊ အေးမြ ၊ လေဒဏ်၊ မိုးဒဏ်ခံနိုင်သည်အထိဖြည့်စွက်ဆွေးနွေးပါ။
- ထို့ကြောင့်မလိုအပ်ဘဲသစ်ပင်တွေသစ်ကိုင်းတွေကိုချိုးဖဲ့သင့်ပါသလား။
- စိုက်ပျိုးထားသောအပင်များကိုနုတ်သင့်ပါသလား။
- စိုက်ပျိုးထားသောအပင်များကိုချိုးဖဲ့ရင်ရောဘာဖြစ်မလဲ။
- အပင်များရှင်သန်အောင်ဘာတွေလုပ်ပေးရမလဲ။

**လက်မထောင်ကစားခြင်း(၁၅ မိနစ်)**

- ဆရာကအောက်ပါအချက်များကိုတစ်ချက်ခြင်း ရွတ်ဆိုပြ၍ ကလေးများက ပြုလုပ်ရမည့်အပြုအမူဖြစ်လျှင်လက်မထောင်စေ၍မပြုလုပ်ရမည့် အပြုအမူဖြစ်လျှင် လက်မ အောက်စိုက်ပြပါစေ။
- အပင်များကိုရေလောင်းပေးရမည်။(လက်မထောင်ရန်)
- အပင်ငယ်များကိုခြေထောက်ဖြင့်နင်းခြေရမည်။(လက်မအောက်စိုက်ရန်)
- အသီးအရွက်များကိုတုတ်ဖြင့်ရိုက်ချရမည်။
- စိုက်ပျိုးထားသောအပင်ငယ်များကိုတက်မနင်းရပါ။
- စိုက်ပျိုးထားသောအပင်များကိုဆွဲနုတ်ပစ်ရမည်။
- ကျောင်းဝင်းအတွင်းရှိပန်းများကိုမခူးရပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အပင်ပုံရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အပင်ပုံဆွဲခြင်း(မိနစ် ၃၀)**

- အသီးအပွင့်များပါသောအပင်ပုံကိုကလေးများဆွဲတတ်သလိုဆွဲပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ပ၊င"ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ပ၊င"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်း ပြုလုပ်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။"င"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"င"ဗျည်းကိုကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းကိုလေ့ကျင့်ရေးဆွဲနည်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဆာလောင်နေသောဘီလူးကြီး"(ပုံပြင်)ကိုဆရာကပြောခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးခဲ့သောသင်ကြားနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **Sunday Monday ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "N'' အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"N''အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိသစ်ပင်များကို ချစ်မြတ်နိုးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အပင်နှင့်ပတ်သက်၍လုပ်သင့်မလုပ်သင့်သည့်အပြုအမူများကိုပြန်လည်ဆွေးနွေးခြင်း (၁၀ မိနစ်)**

- အပင်များနှင့်ပတ်သက်၍ ရှေ့တွင်ဆွေးနွေးခဲ့သော လုပ်သင့်၊ မလုပ်သင့်သည့် အပြုအမူများကို ပြန်လည်ဆွေးနွေးပါ။

**"လှလှပပထားကြမယ်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

" လှလှပပထားကြမယ်"ကဗျာကိုပြန်လည်ရွတ်ဆိုပါစေ။

**ကဗျာဆိုပြီးလျှင်ဆရာကအောက်ပါမေးခွန်းများမေးပါ။**

- အပင်လေးတွေကိုချိုးရမလား။
- အပင်တွေရှင်သန်အောင်ဘာလုပ်ပေးရမလဲ။
- အပင်တွေကိုရေမှန်မှန်လောင်းရင် ဘာဖြစ်လာမလဲစသည်ဖြင့်မေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့်ပုံဖော်တတ်ရန်နှင့် မေးခွန်းများမေးတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပြင်ညီပုံများဖြင့်နှစ်သက်ရာပုံဖော်စေခြင်း (မိနစ် ၃၀)**

- ဆရာက ရောင်စုံစက္ကူများကို အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံစသည်ဖြင့် (ကလေးဦးရေနှင့် သင့်လျော်အောင် ကြိုတင်ညှပ်ထားပါ။) ကလေးများအား အုပ်စုများ ခွဲပေးပါ။
- အုပ်စု(၁)စုလျှင်ညှပ်ထားသော အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံများကို သင့်လျော်သလိုဝေပေးပါ။
- ကတ်ထူစက္ကူများ (သို့) A4စာရွက်ပေါ်တွင်အုပ်စုလိုက် နှစ်သက်ရာ ပုံဖော်၍ ကပ်ပါစေ။
- အုပ်စုလိုက်ပုံဖော်ထားမှုနှင့် ပတ်သက်သောမေးခွန်းများကိုမေး၍ဆရာက အမည်ရေးပေးပါ။
- သစ်သားဘလောက်တုံး၊ရောင်စုံပိုက်စသည်ဖြင့် သုံးနိုင်သည်။



DBE Box

အသေးစိတ်သင်ယူမှုရလဒ် ။ ။ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လှလှပပထားကြမယ်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၁၀)**

"လှလှပပထားကြမယ်"ကဗျာကို ဆရာက အသံနေအသံထားဟန်အမူအရာတို့ဖြင့် ရွတ်ဆိုပါ။

- ကလေးများနှင့် ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ၊င"ဗျည်းများ၏အသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ပ၊င"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ။
- "ပ"ဗျည်း၏အမည်သည် "ပစောက်"ဖြစ်သည်။
- "င"ဗျည်း၏အမည်သည် "င"ဖြစ်သည်။

**"င"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသည့်ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ဆောင်ရွက်ပါ။(ငရုတ်သီး၊ ငချိုပ်ပေါင်း)

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများ ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ၊ဂ၊ပ၊င"ဗျည်းစာလုံးများမှဆရာခေါ်ပေးသောစာလုံးများကိုဝိုင်းစေခြင်း (မိနစ် ၂၀)**

- ဆရာက သင်ပုန်းပေါ်တွင် "ဝ၊ဂ၊ပ၊င" တို့ကိုရေးပြပါ။ကလေးများအား ရွတ်ဆိုပါစေ။
- ကလေးတစ်ဦးချင်းစီကိုခေါ်၍ဆရာက "ဂ"ကိုဝိုင်းပါဟုပြောလျှင် ကလေး က"ဂ"ကို ဝိုင်းပါစေ။ ကျန်ဗျည်းများကိုလည်းဆက်လက်၍ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ၊င"ဗျည်းများ ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ပ၊င"ဗျည်းများကိုကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့်ဗျည်းကူးရေးနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **Sunday Monday ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "A" မှ "N"ထိ အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"A"မှ "N"ငါးမျှား ကစားနည်း ကစားခြင်း (၁၅ မိနစ်)**

- စက္ကူဖြင့် ငါးရုပ်(၁၄)ခု ညှပ်ထားပါ။ "A" မှ"N" ထိ စာလုံးများကို ငါးရုပ် (၁)ရုပ်လျှင် စာလုံး တစ်လုံးစီ ရေးထားပါ။
- ငါးရုပ် တစ်ရုပ်လျှင် ရုံးသုံး ကလစ်တစ်ခုစီ တပ်ထားပါ။

- ထိုငါးများကို ကန်(သို့) အမြင့်ဟု သတ်မှတ်ထားသော သေတ္တာတစ်လုံး(သို့) ဘူးတစ်ခု ထဲတွင် စုစည်းထားပါ။
- ကြိုးထိပ်တွင် သံလိုက်တုံးလေးချည်နှောင်ထားသော ငါးမျှားတံဖြင့် ကလေးများ အလှည့်ကျ ငါးဖမ်းပါစေ။
- **မိမိတို့ဖမ်းယူရရှိသော ငါးပေါ်တွင်ရေးထားသော အက္ခရာ စာလုံး၏ အမည်များကို ပြောပါစေ။**

အသေးစိတ်သင်ယူမှုရလဒ်။ ။ မိမိပတ်ဝန်းကျင်ရှိအပင်များအကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အပင်များအကြောင်းပြန်လည်ဆွေးနွေးခြင်း(မိနစ် ၃၀)**

- အပင်များအကြောင်း(ယခင်နေ့များတွင်ကလေးများသိရှိခဲ့ပြီးသောအပင်ကြီး၊ အပင်ငယ်၊ အပင်အစိတ်အပိုင်းများ၊အသီးအရွက်အပွင့်တို့၏တူညီမှု၊ မတူညီမှုများ၊ ပြုလုပ်သင့်သည့် အချက်များမပြုလုပ်သင့်သည့်အချက်များ) စသည်တို့ကို ကလေးများနှင့် အပြန်အလှန် ဆွေးနွေးပါ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ခေါက်ချိုးညီခြင်းနှင့်ခေါက်ချိုးမညီခြင်းကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ခေါက်ချိုး ညီ/မညီ လက်တွေ့လုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ဆရာက သစ်ရွက်များ စုဆောင်းထားပါ။
- ဆရာက သစ်ရွက်တစ်ရွက်ကို အသုံးပြု၍ ခေါက်ချိုးညီအောင် ဘေးတိုက်ခေါက်ပြပါ။ တစ်ဖက်နှင့်တစ်ဖက် ညီကြောင်း ရှင်းပြပါ။ ၎င်းသစ်ရွက်ကို အထက်အောက် ထပ်မံ ခေါက်ပြပါ။ တစ်ဖက်နှင့်တစ်ဖက်မညီကြောင်း ရှင်းပြပါ။ ကျန်သစ်ရွက်များကိုဆက်လက် ခေါက်ပြ၍ ခေါက်ချိုး ညီ/မညီ မေးပါ။
- အကျီနှင့် ဘောင်းဘီများကို အသုံးပြု၍ ဆက်လက်ခေါက်ပြပါ။
- ဆရာက ရောင်စုံစက္ကူများကို ပုံစံအမျိုးမျိုး (ခေါက်ချိုး ညီ/မညီ) ညှပ်ထားပါ။
- ကလေးတစ်ဦးစီအား ညှပ်ထားသော ရောင်စုံစက္ကူ နှစ်ပိုင်းစီ (ခေါက်ချိုးညီတစ်ခုနှင့် ခေါက်ချိုးမညီတစ်ခု) ဝေပေးပါ။
- ကလေးတိုင်းအား မိမိရရှိသော စက္ကူများကို ခေါက်ပါစေ။
- ခေါက်ချိုး ညီ/မညီ အတန်းကို ပြန်လည်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ စိတ်ကူးဖြင့် ဥယျာဉ်ပုံဖော်ကပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ဥယျာဉ်ပုံဖော်ကပ်ခြင်း (မိနစ် ၃၀)**

- ဆရာကရောင်စုံစက္ကူပိုင်းများကိုကလေးများအား ဝေပေးပါ။
- မိမိတို့နှစ်သက်သောအပင်ပုံ၊ အပွင့်ပုံ၊ အသီးပုံတို့ကိုဆွဲပါစေ။
- ဆွဲပြီးသောအရွက်၊ အပွင့်၊ အသီးပုံတို့ကိုပုံဖော်ပြီး ညှပ်ပါစေ။
- ကလေးများကို အုပ်စုခွဲပေးပါ။
- ကလေးအုပ်စုတစ်စုစီကိုစာရွက်ကြီးတစ်ချပ်စီ ဝေပေးပါ။
- ထိုစာရွက်ကြီးပေါ်တွင်မိမိတို့ပုံဖော်ညှပ်ထားသော (အရွက်၊ အပွင့်၊ အသီး) ပုံတို့ကို ဥယျာဉ်ပုံဖော်ကပ်ပါစေ။
- အုပ်စုလိုက်ပုံဖော်ကပ်ထားသောဥယျာဉ်ပုံကိုအတန်းနံရံတွင်ကပ်ပေးပါ။ ထို့နောက်အုပ်စုလိုက်မိမိတို့ပုံဖော်ထားသောအကြောင်းအရာကိုပြောပါစေ။

DBE BOX